မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

March 6 , 2023 Volume 64, Number 3

၆.၃.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၅၅ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၈၇၅ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၃၂.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၀.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၂၅.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၁၄.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၃.၀၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၆၂၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၁.၄၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၈.၉၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၈၁၇ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## နယ်စုံမှအသစ်ဝင်ပဲများ ဝင်ရောက်မှုများလာပြီး အရောင်းအဝယ်သွက်နေ

ပို့ကုန်ပဲများနှင့် ပြည်တွင်းသုံး ပဲမာလိုင်းများအားလုံး မတ်လဆန်းပိုင်းတွင် နယ်စုံမှအသစ်ဝင်ပဲများ ဝင်ရောက်မှုများလာပြီး အရောင်းအဝယ်သွက်နေကြောင်း ပဲ၊ နှမ်းကုန်သည်များထံက သိရသည်။

ဖေဖော်ဝါရီလကုန်များက ပြည်တွင်းသုံးကုလားပဲများ ပမာဏများများ ဝင်ရောက်မှုရှိလာသော်လည်း ဈေးကျဆင်းမှုမရှိဘဲ ဈေးကောင်းနေသလို လက်ရှိမှာလည်း ပဲမာလိုင်းများ နယ်စုံမှဝင်ရောက်လာမှုရှိလာရာ ပဲ၊ နှမ်းဈေးကွက်မှာ အရောင်းအဝယ် မြိုင်ဆိုင်နေသည့်ကာလဖြစ်ကြောင်း၊ ယခင်နှစ်များလို ပဲအသစ်တွေ အဝင်များချိန် ဈေးကျဆင်းလေ့ရှိသော်လည်း ယခုနှစ်တွင် ပဲတီစိမ်း၊မတ်ပဲမှာ ပဲထွက်ရှိမှုနည်းပါးခြင်းနှင့် မိုးလေဝသမမှန်တာကြောင့် အချို့တောင်သူတွေ ပဲထွက်ချိန် နှစ်ပိုင်းကွဲသလို ဖြစ်ခဲ့တာကြောင့်လည်း ပဲအသစ်ဝင် ရောက်မှုက အချိန်ခွဲဝင်ရောက်လာသလိုဖြစ်တာကြောင့်လည်း ဈေးကွက်မှာ ရှေ့၊ နောက် ချိတ်ဆက်အဝယ်ကောင်းနေခြင်းဖြစ်ကြောင်း ပဲကုန်သည်များက သုံးသပ်ထား သည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၏ ပဲလိုအပ်ချက်မြင့်မားမှုကို အဝယ်ကုန်သည်များ ပါးနပ်စွာထိန်းထိန်းသိမ်းသိမ်း ဝယ်နေတာကြောင့်လည်း ပို့ကုန်ပဲများမှာ ယခင်နှစ်များထက် အမြင့်ဈေးဖြစ်လာသော်လည်း တဖြည်းဖြည်းမြင့်တက်လာသည့် ပုံစံဖြင့်သာ အရောင်းအဝယ်ကောင်းနေခြင်းဖြစ်ကြောင်း၊ အလားတူ တရုတ်လိုင်းအဝယ်ရှိသည့် ပဲတီစိမ်းမှာလည်း နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းက တင်ပို့မှုထက် ပုံမှန်ကုန်သွယ်ရေးသင်္ဘောတင်လိုင်းက ပိုမိုအဆင်ပြေတာကြောင့်လည်း ပေါက်ဈေးက အမြင့်ဈေးနဲ့ ခပ်ငြိမ်ငြိမ်လေးသွားနေကြောင်း ပဲကုန်သည်များကပြောသည်။

မတ်လဆန်းပိုင်းတွင် ပဲစင်းငုံပေါက်ဈေးက အိန္ဒိယနိုင်ငံ၏ ပဲလိုအပ်ချက် သတင်းများနှင့် ပြည်တွင်းအထွက်နှုန်းကျဆင်းခြင်းကြောင့် ဆက်တိုက်မြင့်တက်လာပြီး မတ်ပဲဈေးကတော့ ကျဈေးတက်ဈေး အနည်းငယ်ဈေးကစားမှုရှိနေသည်။ ပို့ကုန်ပဲများ အထွက်နှုန်းကျဆင်းသလို ပြည်တွင်းသုံးကုလားပဲများ ယခုနှစ်အထွက်နှုန်းကောင်းကောင်းရရှိကြကြောင်း၊ ပဲမာလိုင်းများမှာ မြေထောက်ပဲတစ်မျိုးသာ ဈေးအကောင်းဆုံးရရှိနေခြင်းဖြစ်ပြီး အခြားပဲမာလိုင်းများလည်း ယခင်နှစ်ကာလတူထက် ဈေးကောင်းရှိနေကြောင်း ဦးကျော်သွင်(ရွှေစင် သိန်း) ပွဲရုံက ပြောသည်။

"မတ်ပဲဈေးကတော့ အနည်းငယ် ပြန်အေးချင်တယ်။ ပဲစင်းငုံက ဝယ်လိုအားရောဈေးရောကောင်းနေပါတယ်။ပိဿာ ၆၀ အိတ်တစ်အိတ်လျှင် ကျပ် ၂၀၆၀၀၀ လောက်ပဲဝယ်ချင်တယ်။ ဈေးကတော့ သိပ်တက်မလာတော့ဘူး။ မတ်ပဲဆိုရင် ငွေကျပ်

၁၈၁၀၀၀-၁၈၂၀၀၀ လောက် ပေါက်ဈေးရှိနေပါတယ်။ ပြည်တွင်းသုံး ကုလားပဲအုပ်စုကတော့ ဖေဖော်ဝါရီလကုန်ရက်တွေက ဈေးအနည်းငယ်ကျဆင်းသွား ရာကနေ ဈေးပြန်မြင့်တက်လာလို ၉၂ ကုလားပဲ (ဗြိတူး) ၅၄ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၁၉၃၀၀၀ ထိ ပေါက်ဈေးရှိပါတယ်။ လက်ရှိအခြေအနေကတော့ ဈေးမတက်နိုင်သလို ဈေးကျဆင်းမှုလည်းမရှိနိုင်ဘူး။ တက်နည်းနည်း၊ ကျနည်းနည်းနဲ့သွားလိမ့်မယ်။ မြေထောက်ပဲကတော့ ထိပ်စဈေးတစ်အိတ်ငွေကျပ် ၂၈၅၀၀၀ ဈေးအကောင်းဆုံးဖြစ်နေပါတယ်။ ပြည်တွင်းဒေါ်လာငွေဈေးကလည်း အတက်ဘက်မပါတော့ ထူးထူးခြားခြား ဈေးအပြောင်းအလဲမရှိပါဘူး။ မတ်လဆန်းပိုင်းမှာ ပဲမျိုးအသစ်အစုံအလင် နယ်စုံကနေ ဝင်ရောက် လာသလောက် အရောင်းအဝယ်ကောင်းတဲ့အခြေအနေပါ။ ပဲနှမ်းဈေးကွက်တစ်ခုလုံး အရောင်းအဝယ် ခပ်သွက်သွက် ဖြစ်နေတယ်။ လက်ရှိ ပဲ၊နှမ်း ပေါက် ဈေးကလည်း အမြင့်ဈေးမှာရှိနေတာပါ"ဟု ၎င်းကပြောသည်။

မတ်လ ၂ ရက်တွင် ပဲတီစိမ်းရွှေဝါ တစ်အိတ်လျှင် ငွေကျပ် ၂၃၀၀၀၀၊ လမ်းပဲ(ဒိုက်ဦး)လက်ခူး ပဲတစ်အိတ်လျှင် ငွေကျပ် ၂၁၅၀၀၀- ၂၁၇၀၀၀၊ပြွန်တန်ဆာပဲတစ်အိတ်လျှင် ငွေကျပ်၂၀၈၀၀၀၊ ညောင်လေးပင် ပဲတစ်အိတ်လျှင် ငွေကျပ် ၁၉၇၀၀၀- ၁၉၈၀၀၀ အရည်အသွေးအလိုက် ပေါက်ဈေးကွာခြားသွားကြောင်း သိရသည်။

ပဲတီစိမ်းဈေးကွက်မှာ မန္တလေးဈေးကွက်နှင့်ရန်ကုန်ဈေးကွက်နှစ်ခုလုံး အရောင်းအဝယ်ကောင်းနေကြောင်း သိရသည်။ ပဲတီစိမ်းအထွက်နှုန်းက ပုံမှန်အထွက်နှုန်းအတိုင်း ထွက်ရှိလာမည်ဖြစ်သော်လည်း ရာသီဥတုကြောင့် ယခင်နှစ်တွေလို တပြိုင်တည်း ထွက်လာတာမျိုးမဟုတ်ဘဲ ရှေ့ထွက်၊ နောက်ထွက်နှင့် ချိတ်ဆက်ထွက်ရှိနေတာကြောင့်လည်း ဈေးကျဆင်းတာမျိုးမရှိဘဲ ဈေးကွက်အတွင်း အရောင်းအဝယ်ပုံမှန်ရှိနေကြောင်း မန္တလေးပဲကုန်သည် ဦးသိန်းဇံကပြောသည်။

**Source: မကွေးဂျာနယ်**

## ရေဝတီတိုင်းမှာ ပဲတီစိမ်းတွေ အထွက်နှုန်းလျော့ကျလို့ တောင်သူတွေ အရင်းမကျေတဲ့အပြင် အရှုံးနဲ့ရင်ဆိုင်နေရ

ရေဝတီတိုင်းထဲက ပဲတီစိမ်းစိုက်ခင်းတွေ အခုနှစ် ပဲတီစိမ်းရာသီမှာ ပဲအထွက်နှုန်း သိသိသာသာလျော့ကျသွားလို့ ပဲစိုက်တောင်သူတွေအရှုံးနဲ့ရင်ဆိုင်နေရတယ်လို့ သိရပါတယ်။

ရေဝတီတိုင်းမှာ လက်ရှိပဲတွေ နုတ်သိမ်းနေတဲ့အချိန် ပဲတီစိမ်းစိုက်ခင်း ၁ ကေကိုမတ်ပဲ ၃ တင်း ၊ ၄ တင်းသာ ထွက်တော့တာကြောင့် စိုက်ပျိုးတဲ့ကျစရိတ်မရတဲ့အပြင် အရှုံးနဲ့ပါကြုံနေရတာဖြစ်တယ်လို့ ဒေသခံတောင်သူတစ်ဦးက ပြောပါတယ်။

"ပဲတီစိမ်း ၁ ကေအတွက်စိုက်ပျိုးစရိတ်အနေနဲ့ ငွေကျပ် ၄ သိန်းနဲ့ အထက်ကုန်ကျစရိတ်ရှိတယ်၊ ဒီတော့အခုဈေးနဲ့ ဆိုရင် ၁ ကေ ၇ တင်း ဒါမှမဟုတ် ၈ တင်းလောက်ထွက်မှ အရင်းပဲရတယ်၊ အဲ့ဒါ အခုဈေးကောင်းလို့ရတာ၊ဒါပေမယ့် တစ်ကေကို ၄ တင်းပဲထွက်တဲ့လယ်ရှိတယ်၊ ဒါ့ကြောင့် အခုရှုံးနေပြီ၊ ဒီနှစ်အရှုံး အရမ်းများနေပါတယ်"လို့ မအူပင်မြို့နယ်က မတ်ပဲစိုက်တောင်သူတစ်ဦးကပြောပါတယ်။ ရေဝတီတိုင်းမှာ အခုနှစ် ပဲတီစိမ်းစိုက်ခင်းတွေ အများစု အဝါရောင်မှိုရောဂါ ဖြစ်ပြီး အခင်းလိုက်ပျက်စီးကာ အစားထိုးပြန်စိုက်ဖို့ ငွေကြေးမတတ်နိုင်တာ၊ ပဲပင်တွေပေါက်ပြီးမှ အပင်တွေသေကုန်တာ ၊စိုက်ပျိုးရေးသွင်းအားစုဈေးတွေကြီးမြင့်လို့ အပြည့်အဝမသုံးစွဲနိုင်တာကြောင့် ပဲတီစိမ်းတွေ အထွက်နှုန်းတွေ သိသိသာသာ လျော့ကျသွားတာဖြစ်တယ်လို့ သိရပါတယ်။ ဒါ့အပြင် အခုနှစ် လယ်ယာအလုပ်သမား ၄ားရမ်းခနှုန်းထားတွေကလည်း အရင်နှစ်ကထက် ပိုပြီးမြင့်တက်လာတာကြောင့် တောင်သူတွေအတွက် အရှုံးကြီးတဲ့နှစ်ဖြစ်တယ်လို့ သိရပါတယ်။ ဒီနှစ် အတော်လေးရှုံးတယ်၊ တစ်ကေကို ၄ သိန်းရှုံးပါတယ်၊ ၁၀ ကေရှိတဲ့သူကသိန်း ၄၀ လောက်ရှုံးနေပြီ၊ အခုနှစ် အလုပ်သမားခတွေကလည်း အရင်ထက် တော်တော်တက်လာတယ်၊ အခုနှစ် ပိုးသတ်ဆေးဈေးတွေကလည်းကြီးတော့ လူတိုင်း ဆေးတအားမသုံးနိုင်ကြဘူး၊ အရင်နှစ်ထက်တော်တော်ရှုံးနေတယ်"လို့ မတ်ပဲစိုက်တောင်သူတစ်ဦးက ပြောပါတယ်။ အခုပဲစိုက်ပျိုးရာသီမှာစိုက်ခင်း ၁ ကေအတွက် ကုန်ကျ စရိတ်အနေနဲ့ စက်မောင်းခငွေကျပ် ၆၅၀၀၀၊ ပဲမျိုးစေ့ဖိုး ငွေကျပ် ၁၂၀၀၀၊ သွင်းအားစုကုန်ကျစရိတ်ဖိုး ငွေကျပ် ၉၀၀၀၀ ၊ရေတင်ခဖိုးငွေကျပ်၇၀၀၀၀၊ ပဲနုတ်ခဖိုးငွေကျပ် ၇၅၀၀၀ ပဲစက်ရွေခ ငွေကျပ် ၅၀၀၀၀ ကုန်ကျခဲ့တယ်လို့ သိရပါတယ်

**ဤဆောင်းပါးကို MyanmaPlatformမှကူးယူဖော်ပြပါသည်**

**Source: https://t.me/htwettoe**

## နယ်စပ်ဂိတ်များပြန်ဖွင့်၍ ပဲအသစ်များ အဝင်ရှိသလောက် အရောင်းသွက် ဈေးမြင့်တက်လာမှုအခြေအနေ

ဖေဖော်ဝါရီလ ပထမအပတ်အတွင်း မန္တလေးကုန်စည်ဒိုင်သို့ မန္တလေးအနီးတစ်ဝိုက်မှ ပဲအသစ်များ ဝင်ရောက်နေပြီး၊ နယ်စပ်ဂိတ်များ ပြန်လည်ဖွင့်လှစ်လိုက်သည့်နောက်ပိုင်း ကုန်စည်တင်ပို့မှု အဆင်ပြေလာသောကြောင့် ပို့ကုန်ပဲများ အဝင်ရှိသလောက် အရောင်းသွက်၍ ဈေးမြင့်လာကြောင်း မန္တလေးကုန်စည်ဒိုင် ဈေးကွက်မှသိရသည်။

ပဲတီစိမ်း(အညာ) ၅၆.၂၅ပိဿာဝင် သုံးတင်းဝင်တစ်အိတ်လျှင် ယခုတစ်ပတ်တွင်ကျပ် ၁၄၅၀၀၀ မှ ၁၆၅၀၀၀၊ ယခင်တစ်ပတ်ကျပ် ၁၄၅၀၀၀ မှ ၁၅၈၀၀၀၊ ယခင်လကျပ် ၁၃၅၀၀၀ မှ ၁၄၀၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက်ကျပ် ၇၀၀၀၊ ယခင်လထက်ကျပ် ၁၀၀၀၀ မှ ၂၅၀၀၀ မြင့်တက်လာသည်။ မြေထောက်ပဲ ၅၄ ပိဿာဝင် သုံးတင်းဝင်တစ်အိတ်လျှင် ယခုတစ်ပတ် တွင်ကျပ် ၂၅၅၀၀၀ မှ ၂၆၀၀၀၀၊ ယခင်တစ်ပတ်ကျပ် ၂၄၀၀၀၀ မှ ၂၅၀၀၀၀၊ ယခင်လကျပ် ၁၉၀၀၀၀ မှ ၂၀၀၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက်ကျပ် ၉၀၀၀ မှ ၁၅၀၀၀၊ ယခင်လထက် ကျပ် ၆၀၀၀၀ မှ ၆၅၀၀၀ မြင့်တက်လာသည်။

မတ်ပဲ ၆၀ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်တွင်ကျပ် ၁၇၅၀၀၀၊ ယခင် တစ်ပတ်ကျပ် ၁၆၅၀၀၀ မှ ၁၆၇၀၀၀၊ ယခင်လကျပ် ၁၆၁၀၀၀ မှ ၁၆၃၀၀၀ ဖြစ်သည်။ ယခင် တစ်ပတ်ထက်ကျပ် ၈၀၀၀ မှ ၁၀၀၀၀၊ ယခင်လထက်ကျပ် ၁၂၀၀၀ မှ ၁၄၀၀၀ နိမ့်ကျလာသည်။

ပဲစဉ်းငုံ(နီ) ၆၀ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်တွင်ကျပ် ၁၈၅၀၀၀၊ ယခင်တစ်ပတ်ကျပ် ၁၇၂၀၀၀ မှ ၁၇၂၅၀၀၊ ယခင်လကျပ် ၁၆၅၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ် ထက်ကျပ် ၁၂၅၀၀ မှ ၁၃၀၀၀၊ ယခင်လထက်ကျပ် ၂၀၀၀၀ မြင့်တက်လာသည်။

**Source:** ရတနာပုံကုန်သွယ်မှုဇဟိုဌာန

https://myantrade.gov.mm/article/Naypyitaw_06032023_133

## မအူပင်မြို့နယ်၌ ကြက်ဥဈေးကောင်းရရှိလာသဖြင့် မွေးမြူသူများအဆင်ပြေ



**Source:** https://myawady.net.mm

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်၌ ကြက်ဥအလုံး ၁၀၀ လျှင် ငွေကျပ် ၂၇၀၀၀ အထိ ဈေးကောင်းရရှိလာသဖြင့် မွေးမြူသူများ အဆင်ပြေလာကြောင်း မအူပင်မြို့နယ် ကြက်ဥ၊ ဘဲဥ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဦးနေကျော်၏ ပြောပြချက်အရ သိရသည်။

မအူပင်မြို့နယ်၌ ဇန်နဝါရီလက ကြက်ဥအလုံး ၁၀၀ လျှင် ငွေကျပ် ၁၉၅၀၀ အထိသာ ရရှိခဲ့ပြီး ဖေဖော်ဝါရီလဒုတိယပတ်မှ စတင်၍ ဈေးကောင်းလာပြီး လက်ရှိတွင် ကြက်ဥအလုံး ၁၀၀ လျှင် ငွေကျပ် ၂၇၀၀၀ အထိ ဈေးကောင်းရရှိနေခြင်းဖြစ်သည်။ ကြက်ဥဈေးကောင်းလာသည့်အတွက် မွေးမြူရေးလုပ်ငန်းရှင်များ၊ ကြက်ခြံလုပ်သာများ၊ ကုန်သည်များ အဆင်ပြေလာသည်။

“လက်ရှိ ကြက်ဥဈေးကောင်းလာတာက ရန်ကုန်ဘက်က ဝယ်လိုအားများနေလို့ပါ။ အရောင်းအဝယ်ကောင်းပြီး ဈေးကောင်းရရှိတော့ မွေးမြူရေးလုပ်ငန်းရှင်တွေ အဆင်ပြေတယ်” ဟု ဦးနေကျော်ကပြောသည်။

မအူပင်မြို့နယ်၌ ဥစားကြက်မွေးမြူရေးလုပ်ငန်းကို ကျေးလက်နေတောင်သူများ အဓိကလုပ်ကိုင်ကြပြီး ဥစားကြက်မွေးမြူရေးလုပ်ငန်းရှင်တစ်ဦးလျှင် ကြက်အကောင်ရေ ၁၅၀၀ မှ ၁၂၀၀၀ အထိ မွေးမြူကြကြောင်း၊ အဆိုပါ ဥစားကြက်ကို အကောင် ၁၀၀ လျှင် ငွေကျပ် ၂၅၀၀၀၀ နှုန်းဖြင့် ဝယ်ယူမွေးမြူရကြောင်း သိရသည်။

**Source:** https://myawady.net.mm

## မန္တလေးကုန်စည်ဒိုင် နှမ်းဈေးကွက်အဝယ်သွက်၍ ဈေးမြင့်တက်လာမှုအခြေအနေ

မန္တလေးကုန်စည်ဒိုင်တွင် ဖေဖော်ဝါရီလ ပထမအပတ်အတွင်း နှမ်းလက်ကျန်နည်းနေပြီး အဝယ်သွက်၍ ဈေးမြင့်လာသည်။ တရုတ်နယ်စပ်ဂိတ်များ ဖွင့်လှစ်လိုက်သည့်နောက်ပိုင်း တရုတ်လိုင်း၊ ရန်ကုန်လိုင်း အဝယ်သွက်နေသောကြောင့် နှမ်းဈေးမြင့်တက်လာကြောင်း မန္တလေး ကုန်စည်ဒိုင်ဈေးကွက်မှသိရသည်။ နှမ်းဖြူ(ရိုးရိုး) ၄၅ ပိဿာဝင် သုံးတင်း တစ်အိတ်လျှင် ယခုတစ်ပတ်ကျပ် ၃၂၅၀၀၀၊ ယခင် တစ်ပတ်ကျပ် ၂၆၀၀၀၀ မှ ၂၆၅၀၀၀၊ ယခင်လကျပ် ၂၆၅၀၀၀ မှ ၂၆၀၀၀၀ ဖြစ်သည်။ ယခင် တစ်ပတ်ထက်ကျပ် ၆၀၀၀၀ မှ ၆၅၀၀၀ မြင့်တက်လာသည်။

နှမ်းညို ၄၅ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်ကျပ် ၂၅၅၀၀၀၊ ယခင် တစ်ပတ်ကျပ် ၂၉၅၀၀၀၊ ယခင်လကျပ် ၂၂၀၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက်ကျပ် ၅၀၀၀၊ ယခင်လထက်ကျပ် ၃၅၀၀၀ မြင့်တက်လာသည်။ နှမ်းနက်(စမုံ) ၄၅ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၂၈၅၀၀၀ မှ ၃၀၅၀၀၀၊ ယခင်တစ်ပတ်ကျပ် ၂၅၀၀၀၀ မှ ၃၀၅၀၀၀၊ ယခင်လထက် ကျပ် ၂၂၅၀၀၀ မှ ၂၆၅၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၃၅၀၀၀၊ ယခင်လထက် ကျပ် ၈၀၀၀၀ မြင့်တက်လာသည်။

**Source: ရတနာပုံကုန်သွယ်မှုဇုဟိုဋ္ဌာန**

## မုံရွာမြို့နယ်ရှိ ကွမ်းဈေးနှုန်း သိသိသာသာကျဆင်း



Source: DOCA (စစ်ကိုင်း)

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်တွင် ကွမ်းကို မိမိတို့အိမ်ခြံဝင်း အတွင်း တစ်နိုင်တပိုင်အနေဖြင့်လည်းကောင်း၊ အပိုဝင်ငွေရရှိရန်အတွက် လည်းကောင်း စိုက်ပျိုးကြကြောင်း၊ ကွမ်းကို ဆောင်းစိုက်နှင့်မိုးစိုက်ဟူ၍ နှစ်မျိုးခွဲခြားစိုက်ပျိုးကြပြီး မိုးစိုက်သည် ပိုးကျလွယ်သည့်အတွက် အစိုက် နည်းပြီး ဆောင်းစိုက်ကိုသာ ပိုမိုစိုက်ပျိုးကြကြောင်းသိရသည်။ ကွမ်းပင်များကို ဝါဆိုလ(ဓွန်လ)တွင် စိုက်ပျိုးကြပြီး ကွမ်းပျိုးပင်တစ်ပင်လျှင် ကျပ်(၄၀၀-၅၀၀)ပေးဝယ်ရပြီး တစ်ကေလျှင် ကွမ်းပင် (၃၀၀၀)ခန့် စိုက်ပျိုးရသည်။ စိုက်ပျိုးပြီး လေးလခန့်အရွယ်တွင် ခူးဆွတ်နိုင်ပြီး စတင်ခူးသည့်အချိန်တွင် ပိဿာ (၄၅-၅၀) ထွက်ရှိကာ တစ်နှစ်ကျော်လျှင် အထွက်နှုန်း တိုးလာပြီး ပိဿာ (၂၀၀-၂၅၀)အထိထွက်ရှိကြောင်း၊ မြေပြုပြင်ခြင်း၊ မျိုးစိုက်ပျိုးခြင်း၊ သွင်းအားစုနှင့် လုပ်သားခများအပါအဝင် ကွမ်းအပင်ရေ ၁၀၀၀ ခန့် စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်မှာ ကျပ် ၁၅ သိန်းခန့်ကုန်ကျပြီး မြေဆီမြေသားကောင်းမွန်မှုနှင့် ဂရုစိုက်မှုပေါ်မူတည်၍ ကွမ်းသက်တမ်း (သုံးနှစ်မှခုနှစ်နှစ်အထိ) ကြာမြင့်သောကြောင့် အကျိုးအမြတ်အနေဖြင့် ငွေကျပ်သိန်း ၃၀ နှင့်အထက်ရရှိကြောင်း သိရသည်။

မုံရွာမြို့နယ် ကွမ်းဈေးကွက်အနေဖြင့် ဇန်နဝါရီ နောက်ဆုံးအပတ်တွင် ကွမ်းတစ်ပိဿာလျှင် ကျပ်(၁၀၀၀၀-၁၁၀၀၀) ဈေးရရှိပြီး၊ ယခု ဖေဖော်ဝါရီနောက်ဆုံးအပတ်တွင် အရည်အသွေးအပေါ်မူတည်ပြီး တစ်ပိဿာလျှင် ကျပ်(၂၅၀၀-၅၀၀၀) ဖြင့်သာရောင်းချရပြီး၊ ဆောင်းအကုန်နွေအကူးတွင် အထွက်နှုန်းပိုမိုများလာခြင်း၊ ဈေးကွက်အတွင်း ကုန်ဝင်ရောက်မှုများနေခြင်းကြောင့် ဈေးနှုန်းသိသိသာသာကျဆင်းခြင်းဖြစ်ကြောင်း သိရသည်။

**Source: DOCA (စစ်ကိုင်း)**

https://www.commerce.gov.mm

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 6th Mar. 2023

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,458 (Shares) | 11,895,450 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,200 | -100 | -1.20% | 8,300 | 8,300 | 8,200 | 80 | 663,800 | 33,109,694 | 271,499 |
| MTSH | 00002 | 3,200 | +50 | +1.59% | 3,150 | 3,200 | 3,150 | 2,458 | 7,829,800 | 38,929,150 | 124,573 |
| MCB | 00003 | 7,500 | +0 | +0.00% | 7,500 | 7,500 | 7,500 | 0 | 0 | 10,400,986 | 78,007 |
| FPB | 00004 | 1,650 | -50 | -2.94% | 1,700 | 1,700 | 1,650 | 1,844 | 3,043,000 | 29,664,613 | 48,947 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 1 | 2,600 | 12,823,224 | 33,340 |
| EFR | 00006 | 2,650 | +50 | +1.92% | 2,650 | 2,650 | 2,650 | 5 | 13,250 | 19,977,223 | 52,940 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 70 | 343,000 | 10,497,598 | 51,438 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 6th Mar. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 374.98 | -1.05 | -0.28% | 376.03 | 376.03 | 373.31 | 4,458 | 11,895,450 | 7 | 660,744 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 6th Mar. 2023

| Trading Volume | Trading Value |
|---|---|
| 4,458 (Shares) | 11,895,450 (MMK) |

## Main Board

As of 1:00 pm, 6th Mar. 2023

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,458 (Shares) | 11,895,450 (MMK) |

| MYANPIX | 374.98 ▼ 1.05 |
|---|---|
| Total Volume (shares) | 4,458 |
| Total Value (MMK) | 12 mil |
| Listed Company | 7 |
| Market Cap. (MMK) | 660,744 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,200 | ▼ 100 |
| MTSH | 00002 | 3,200 | ▲ 50 |
| MCB | 00003 | 7,500 | ▲ 0 |
| FPB | 00004 | 1,650 | ▼ 50 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 2,650 | ▲ 50 |
| AMATA | 00007 | 4,900 | ▲ 0 |